# ဇမ္မခန္ဓာ (၄၉) အဆောင်တော်များ (အာလ် ဟုဂျုရတ်ဟ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၁၀၆)၊ သုတ်ဒေသနာ (၁၈)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **يَا أَيُّهَا الَّذِينَ آمَنُوا لَا تُقَدِّمُوا بَيْنَ يَدَيِ اللَّهِ وَرَسُولِهِ وَاتَّقُوا اللَّهَ إِنَّ اللَّهَ سَمِيعٌ عَلِيمٌ۞**<br>အို ယုံကြည်သော သူတို့– ပရမတ်ဘုရားရှင်နှင့် အရှင့် ဉာဏ်စဉ်တော်ဆောင်၏ လက်ရှိ–မျက်မှောက်တွင် စုံရပ်မခံကြနှင့်၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် ကြားနေသောအရှင် သိနေသော အရှင် ဖြစ်၏။ |
| ၂။<br><br>ကိုယ်<br>တော် | **يَا أَيُّهَا الَّذِينَ آمَنُوا لَا تَرْفَعُوا أَصْوَاتَكُمْ فَوْقَ صَوْتِ النَّبِيِّ وَلَا تَجْهَرُوا لَهُ بِالْقَوْلِ كَجَهْرِ بَعْضِكُمْ لِبَعْضٍ أَن تَحْبَطَ أَعْمَالُكُمْ وَأَنتُمْ لَا تَشْعُرُونَ۞**<br>အို ယုံကြည်သော သူတို့၊ သင်တို့၏ အသံကို သတင်းတော်ဆောင်၏ အသံထက် ပို၍ မမြင့်စေလင့်၊ သင်တို့မှ အချို့က အချို့အား အသံကျယ်ပြောသကဲ့သို့ **သူ့**အား ဟောင်ပွာဟောင်ပွာမလုပ်နှင့်၊ သင်တို့၏ ကျင့်ကြံမှုများ အချီးနှီး ဖြစ်နိုင်ကောင်းသည်ကို သင်တို့ သတိမမူမိကြချေ။[၉၈၃] |
| ၃။ | **إِنَّ الَّذِينَ يَغُضُّونَ أَصْوَاتَهُمْ عِندَ رَسُولِ اللَّهِ أُوْلَئِكَ الَّذِينَ امْتَحَنَ اللَّهُ قُلُوبَهُمْ لِلتَّقْوَى لَهُم مَّغْفِرَةٌ وَأَجْرٌ عَظِيمٌ۞**<br>ဧကန်ပင် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်ဆောင်ထံပါး၌ သူတို့၏ လေသံများကို လျှော့ချစေလော့။ သူတို့၏ နှလုံးသားကို ပရမတ်ဘုရားရှင်က စည်းစောင့်စေရန် စီစစ်ခံရသော သူတို့အတွက် လွတ်ငြိမ်းခွင့်နှင့် မဟာ ဆုလဒ်ကြီး ရှိ၏။ |
| ၄။ | **إِنَّ الَّذِينَ يُنَادُونَكَ مِن وَرَاءِ الْحُجُرَاتِ أَكْثَرُهُمْ لَا يَعْقِلُونَ۞**<br>ဧကန်ပင် ကျောက်တိုက်ဆောင်၏ နောက်ကွယ်မှ သင့်အား အော်ဟစ်ခေါ်သော သူ၊ သူတို့မှ အများစုသည် အတွေးအခေါ် မရှိကြချေ။[၉၈၄] |

---

(၉၈၃) ကျမ်းမြတ်ကုရ်အာန်သည် လူသားတို့အား လူမှုဆက်ဆံရေး နည်းစနစ်အား စနစ်တကျ သွန်သင်ပေးသော ကျမ်းတော် ဖြစ်သည်၊ ဤသုတ်တော်များတွင် နောက်လိုက်ကောင်း တစ်ဦးသည် ခေါင်းဆောင်၏ စီမံခန့်ခွဲမှုကို စည်းမကျော်ရ၊ ထိုခေါင်းဆောင်သည်လည်း အာဏာရှင်ကဲ့သို့ မိမိစိတ်ထင်ရာအား စီမံခန့်ခွဲခွင့် မရှိကြောင်းကို ပရမတ်ဘုရားရှင်ထက် ပို၍ နေရာမယူနှင့်ဟု သုတ်တော် (၁)တွင် သတိပေးထားပေသည်။ နောက်လိုက်တို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဉာဏ်စဉ်တော်ဆောင်ထက် ပို၍ နေရာ မယူကြလင့် ဆိုသည်မှာ ကျမ်းမြတ်ကုန်အာန်၏ ဇစ်မြစ်တော်ရှင် ဖြစ်သော အလ္လာဟ်အရှင်နှင့် ထိုကျမ်းတော်အား ရွတ်အံဆင့်ပြန်ပြီး ထိုကျမ်းတော်အတိုင်း ဆောင်ရွက်နေသော ကိုယ်တော်မုဟမ္မဒ်အား စည်း ဘောင်ကျော်၍ တရားသစ် ဝါဒသစ်များ မထူထောင်ကြလင့်ဟု ဆိုထားခြင်း ဖြစ်ပေသည်။

(၉၈၄) ဤသုတ်တော်အား– အချို့သော ဆရာတော်ကြီးများက ကိုယ်တော်မုဟမ္မဒ်သည် ကြင်ယာတော်များနှင့် အဆောင်တော်အတွင်းတွင် နေစဉ်ကာလ အပြင်မှာ အော်ဟစ်၍ မခေါ်ကြလင့်ဟု ဖွင့်ဆိုထားသည်ကို ဝမ်းနည်းဘွယ် တွေ့ရှိရပေသည်။ ကိုယ်တော်၏ ကြင်ယာတော်များ ဆိုသည်ကို ၃၃း၂၈ တွင် ရှင်းပြခဲ့ပေပြီ၊ ခေါင်းဆောင်တစ်ဦးတွင် အခြားသာမန်လူများထက် အရေးအရာ ကိစ္စများ ပိုမို၍ ရှိပေသည်၊ ထိုသို့သော အရေးအရာ ကိစ္စများကို ရုံဖန်ရုံခါ ခေါင်းအေးအေးဖြင့် ဆောင်ရွက်ရသည်များ ရှိပေသည်၊ ထိုသို့ ဆောင်ရွက်နေသည်များကို နားလည်မှုမရှိဘဲ မိမိ ကိစ္စအတွက်သာ အတ္တကြီးနေသော လူသားများက မိမိ၏ ကိစ္စအား အလျှင်ဖြေရှင်းပေးရန် သို့မဟုတ် မိမိ၏ စိတ်ဆန္ဒအလျောက် စကားစမြည် ပြောဆိုရန် အလိုက်မသိ ခေါ်ယူခြင်းမျိုးကို လူ့စည်းကမ်းဖေါက်ဖျက်ခြင်း ဖြစ်သည်ဟု ကျမ်းတော်က သွန်သင်ခြင်းပင် ဖြစ်ပေသည်။

| | |
|---|---|
| ၅။ | وَلَوْ أَنَّهُمْ صَبَرُوا حَتَّى تَخْرُجَ إِلَيْهِمْ لَكَانَ خَيْرًا لَّهُمْ وَاللَّهُ غَفُورٌ رَّحِيمٌ۞<br>သင်သည် သူတို့ထံသို့ ထွက်လာသည်တိုင် သည်းခံခဲ့လျှင် သူတို့အတွက် ပိုမို ကောင်းမြတ်၏။ ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသောအရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၆။ | يَا أَيُّهَا الَّذِينَ آمَنُوا إِن جَاءَكُمْ فَاسِقٌ بِنَبَأٍ فَتَبَيَّنُوا أَن تُصِيبُوا قَوْمًا بِجَهَالَةٍ فَتُصْبِحُوا عَلَى مَا فَعَلْتُمْ نَادِمِينَ۞<br>အို ယုံကြည်သော သူတို့၊ အကယ်၍ သူယုတ်မာတစ်ဦးက သင်တို့ထံသို့ သတင်းတစ်ခုကို ရောက်လာစေလျှင်၊ ပညာမဲ့စွာဖြင့် လူမျိုးတစ်မျိုး မထိခိုက်ရစေရန် ၎င်းအား ရှင်းရှင်းလင်းလင်းဖြစ်စေလော့၊ သို့မဟုတ်က သင်တို့၏ ပြုလုပ်မှုကြောင့် သင်တို့သည် ယူကြုံးမရဖြစ်လာနိုင်ရာ၏။[၉၈၅] |
| ၇။ | وَاعْلَمُوا أَنَّ فِيكُمْ رَسُولَ اللَّهِ لَوْ يُطِيعُكُمْ فِي كَثِيرٍ مِّنَ الْأَمْرِ لَعَنِتُّمْ وَلَكِنَّ اللَّهَ حَبَّبَ إِلَيْكُمُ الْإِيمَانَ وَزَيَّنَهُ فِي قُلُوبِكُمْ وَكَرَّهَ إِلَيْكُمُ الْكُفْرَ وَالْفُسُوقَ وَالْعِصْيَانَ أُوْلَئِكَ هُمُ الرَّاشِدُونَ۞<br>ပရမတ်ဘုရားရှင်၏ ဥဒေဿစဉ်တော်ဆောင်သည် သင်တို့၏ အထဲတွင် ရှိသည်ကို သိကြလော့၊ သူသည် ညွှန်ကြားချက်များစွာ၌ သင်တို့အား နာခံလေလျှင် သင်တို့သည် စိတ်ပင်ပန်းရလတ္တံ့။[၉၈၆] သို့ရာတွင် ပရမတ်ဘုရားရှင်သည် သင်တို့အား ယုံကြည်ခြင်းကို နှစ်သက်မြတ်နိုးစေ၍၊ ၎င်းကို သင်တို့၏ နှလုံးသား၌ ဖမ်းစားစေ၏။ အရှင်သည် သင်တို့အား ဖုံးကွယ်မှု၊ ယုတ်မာမှု၊ အာခံမှုများကို ရွံမုန်းစေတော်မူ၏။ ထိုသူတို့သည် ဖြောင့်မတ်မှန်ကန်သူများ ဖြစ်ကြ၏။ |
| ၈။ | فَضْلًا مِّنَ اللَّهِ وَنِعْمَةً وَاللَّهُ عَلِيمٌ حَكِيمٌ۞<br>ဤသည် ပရမတ်ဘုရားရှင်၏ထံမှ သိက္ခာပေးခြင်း၊ ဂုဏ်ပေးခြင်းပင်တည်း၊ ပရမတ်ဘုရားရှင်သည်ကား သိနေသော အရှင် ဓမ္မသတ်ရှင် ဖြစ်တော်မူ၏။ |
| ၉။ | وَإِن طَائِفَتَانِ مِنَ الْمُؤْمِنِينَ اقْتَتَلُوا فَأَصْلِحُوا بَيْنَهُمَا فَإِن بَغَتْ إِحْدَاهُمَا عَلَى الْأُخْرَى فَقَاتِلُوا الَّتِي تَبْغِي حَتَّى تَفِيءَ إِلَى أَمْرِ اللَّهِ فَإِن فَاءَتْ فَأَصْلِحُوا بَيْنَهُمَا بِالْعَدْلِ وَأَقْسِطُوا إِنَّ اللَّهَ يُحِبُّ الْمُقْسِطِينَ۞<br>ယုံကြည်သူတို့မှ အုပ်စု နှစ်စုသည် အချင်းချင်းစစ်ဖြစ်ကြသော်၊ သူတို့ကြား၌ ပြုပြင်ပေးကြလော့၊ ၎င်းတို့မှ တစ်စုသည် အခြားသူအား အပြစ်ရှာခဲ့သော်၊ ပရမတ်ဘုရားရှင်၏ ညွှန်ကြားချက်ဆီသို့ လိုက်လျှောသည်ထိ ထိုအပြစ်ရှာသူအား စုပေါင်းခုခံတိုက်ကြလော့၊ ထို လိုက်လျှောခြင်းရှိလျှင် သူတို့ချင်းကြား တန်းတူညီမျှ မျှတစွာ ပြုပြင်ပေးလော့၊ ဧကန်ပင် ပရမတ်ဘုရားရှင်သည် သမာသမတ်ရှိသူများကို နှစ်သက်တော်မူ၏။[၉၈၇] |

---

(၉၈၅) အစ္စလာမ် သာသနာတွင် မိမိတို့က စတင် ကျူးကျော်ခြင်းကို တားမြစ်ထားယုံမျှမက မိမိတို့အား ထိခိုက်နစ်နာရရန် တိုက်ခိုက်စော်ကားတော့မည်ဟူသော သတင်းထွက်လာလျှင်ပင် ထိုသတင်းစကားသည် မှန်၏၊ မမှန်၏ ဆိုသည်ကို တိကျသေချာစေရန် စီစစ်စုံစမ်းရမည် ဖြစ်သည်၊ ထင်ယောင်ထင်မှားသော သတင်းများဖြင့် အခြားသူတစ်ဦး၊ အခြားလူမျိုးတစ်စု၊ အခြားသော အယူအဆ အုပ်စုတစ်စုအား တိုက်ခိုက်ခွင့် နစ်နာစေရန်ပြုလုပ်ခွင့် လုံးဝ မရှိကြောင်းကို ဤသုတ်တော်က အတိအကျ ပြဋ္ဌာန်းထားပေသည်။

(၉၈၆) ဤသုတ်တော်တွင် အရှင်၏ ဥဒေဿစဉ်တော်ဆောင်သည် သင်တို့၏ အထဲတွင် ရှိနေသည်– ဆိုခြင်းမှာ ကျမ်းမြတ်ကုရ်အာန်သည် လူသားအသိုင်းအဝိုင်းထဲတွင် တည်ရှိနေခြင်းကို ဆိုလိုပေသည်။ ထိုအကြောင်းကို ၃၃း၄၃ တွင်– ကျမ်းမြတ်ကုရ်အာန်သည် ကိုယ်တော်မဟာမ္မဒ် ဥဒေဿစဉ်တော်ဆောင် ဖြစ်ကြောင်း ခိုင်လုံသော သက်စေ ဖြစ်သည်ဟု အတိအကျ ဆိုထားပေသည်။ ကျမ်းတော်သည် မည်သူ၏၊ ဆုံးဖြတ်ချက်ကိုမျှ မနာခံပေ၊ လောကဓမ္မ လောကအမှန် နိယာမကို ကျမ်းတော်ကိုယ်တိုင် ချမှတ်ပြဋ္ဌာန်းပေသည်၊ အကယ်၍ လူသားတစ်စုံ တစ်ဦး၏ ဆန္ဒကို လိုက်လျှောပါက– ထိုလိုက်လျှောချက်သည် လူသားတို့အတွက် စိတ်ပင်ပန်းမှုများဖြင့် ရှုပ်ထွေးလာမည်သာ ဖြစ်သည်၊ သို့မဟုတ် မိမိ စိတ်ထင်ရာကို ပြုလုပ်သောကြောင့်– ပြုလုပ်ခံရသူ၏ အမှားတွေ့၍ စိတ်ပင်ပန်းရနိုင်သည်ဟု ဤသုတ်တော်က ဆိုပေသည်။

(၉၈၇) ဤဥပဒေသည် ကမ္ဘာ့လူသားများ အကြား ငြိမ်းချမ်းရေး ဆောင်ရွက်ရာ၌ မဖြစ်မနေ နမူနာယူရမည့် ဥပဒေဖြစ်ပေသည်၊ ယခုခေတ်အခါတွင် ကမ္ဘာ့ကုလသမဂ္ဂကြီး ရှိနေပေသည်။ ထိုကမ္ဘာ့အဖွဲ့ကြီးတွင် ခိုင်မာသော ဥပဒေ ချမှတ်မှုများ ရှိရပေမည်၊ အသင်းနှစ်သင်း အဖွဲ့နှစ်ဖွဲ့ အုပ်စုနှစ်စု စစ်ဖြစ်ကြလျှင် ကျူးလွန်စော်ကားသူ အုပ်စုအား အခြားသော သူများမှ ရန်ငြိုး အာဃာတမရှိဘဲ သူ၏ အမှားကို ဝိုင်းဝန်းဆုံးမရမည်ဖြစ်သည်၊ ထို

| | |
|---|---|
| ၁၀။ | إِنَّمَا الْمُؤْمِنُونَ إِخْوَةٌ فَأَصْلِحُوا بَيْنَ أَخَوَيْكُمْ وَاتَّقُوا اللَّهَ لَعَلَّكُمْ تُرْحَمُونَ۝<br>ယုံကြည်သူတို့သည် ညီနောင်သားချင်းများသာ ဖြစ်၏။ ညီနောင်သားချင်းများကြား ပြုပြင်ပြောင်းလဲပေးကြလော့၊ သင်တို့အား ကရုဏာသက်စေခြင်းငှာ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့။ |
| ၁၁။ | يَا أَيُّهَا الَّذِينَ آمَنُوا لَا يَسْخَرْ قَوْمٌ مِّن قَوْمٍ عَسَى أَن يَكُونُوا خَيْرًا مِّنْهُمْ وَلَا نِسَاء مِّن نِّسَاء عَسَى أَن يَكُنَّ خَيْرًا مِّنْهُنَّ وَلَا تَلْمِزُوا أَنفُسَكُمْ وَلَا تَنَابَزُوا بِالْأَلْقَابِ بِئْسَ الاِسْمُ الْفُسُوقُ بَعْدَ الْإِيمَانِ وَمَن لَّمْ يَتُبْ فَأُوْلَئِكَ هُمُ الظَّالِمُونَ۝<br>အို–ယုံကြည်သော သူတို့၊ လူတစ်မျိုးက လူတစ်မျိုးအပေါ် ပျက်ရယ်မပြုရ၊ ၎င်းတို့သည် သူတို့ထက် ပိုကောင်းနိုင်၏။ အမျိုးသမီးများသည်လည်း အခြားအမျိုးသမီးများ အပေါ် ယင်းသို့ မပြုရ၊ ၎င်းတို့သည် သူမတို့ထက် ပိုကောင်းနိုင်၏။ သင်တို့ စရိုက်တူချင်း မပုတ်ခတ်ကြနှင့်၊ နာမည်ဖျက်၍ မခေါ်ကြနှင့်၊ ယုံကြည်ခြင်း တရားရှိပြီးနောက် အမင်္ဂလာ အမည်ဖြင့် ခေါ်ခြင်းသည် ယုတ်မာမှုပင် ဖြစ်၏။ ခဝါချခြင်း မရှိသောသူ၊ ထိုသူတို့သည် အမိုက်ကောင်များ ဖြစ်ကြ၏။ |
| ၁၂။<br><br>မျက်ကွယ်၌ ဂုံးမချောနှင့် | يَا أَيُّهَا الَّذِينَ آمَنُوا اجْتَنِبُوا كَثِيرًا مِّنَ الظَّنِّ إِنَّ بَعْضَ الظَّنِّ إِثْمٌ وَلَا تَجَسَّسُوا وَلَا يَغْتَب بَّعْضُكُم بَعْضًا أَيُحِبُّ أَحَدُكُمْ أَن يَأْكُلَ لَحْمَ أَخِيهِ مَيْتًا فَكَرِهْتُمُوهُ وَاتَّقُوا اللَّهَ إِنَّ اللَّهَ تَوَّابٌ رَّحِيمٌ۝<br>အို ယုံကြည်သော သူတို့၊ စဉ်းစားချက် အများစုမှ ကင်းသန့်ကြလော့၊ ကေန်ပင် စဉ်းစားချက် အချို့သည် ပြစ်မှုများပင် ဖြစ်၏။ သင်တို့မှ အချို့သည် အချို့ကို သူလျှိုဒလန် မလုပ်နှင့်၊ **ဂုံးမချောကြနှင့်**၊ သင်တို့မှ သေသူဖြစ်သော ညီအစ်ကို၏ အသားကို စားရန် နှစ်သက်သူ တစ်ဦး ရှိသလော၊ အော့နှလုံးနာကြပါဘိ၊ သို့ဖြစ်၍ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် သင်ပုန်းချေပေးသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏။[၉၈၈] |
| ၁၃။<br><br>ရှေ့ကပင် ရှိသည့် | يَا أَيُّهَا النَّاسُ إِنَّا خَلَقْنَاكُم مِّن ذَكَرٍ وَأُنثَى وَجَعَلْنَاكُمْ شُعُوبًا وَقَبَائِلَ لِتَعَارَفُوا إِنَّ أَكْرَمَكُمْ عِندَ اللَّهِ أَتْقَاكُمْ إِنَّ اللَّهَ عَلِيمٌ خَبِيرٌ۝<br>အို လူသားတို့၊ ငါအရှင်သည် သင်တို့အား လိင်ဖို လိင်မဟူ၍ ဖြစ်တည်စေတော်မူ၏။ သင်တို့ချင်း မှတ်မိစေရန် ကပြားများ **မူလ**လူမျိုးများကို စီစဉ်ပေးတော်မူ၏။ သင်တို့အနက် ပရမတ်ပရားရှင်၏ ထံတော်၌ စည်းအစောင့်ဆုံး သူသည်သာ ကျက်သရေအရှိဆုံး ဖြစ်၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သိနေသောအရှင် သတင်းရနေသော အရှင် ဖြစ်တော်မူ၏။[၉၈၉] |
| ၁၄။ | قَالَتِ الْأَعْرَابُ آمَنَّا قُل لَّمْ تُؤْمِنُوا وَلَكِن قُولُوا أَسْلَمْنَا وَلَمَّا يَدْخُلِ الْإِيمَانُ فِي قُلُوبِكُمْ وَإِن تُطِيعُوا اللَّهَ |

---

အမှားကို ချမှတ်ထားသော ဥပဒေနှင့်အညီ ပြုပြင်ပြီးသော် ထိုစစ်ဖြစ်သော အုပ်စုနှစ်စုကြား သမာသမတ်ကျစွာ ဖြေရှင်းပေးရမည် ဖြစ်သည်၊ စစ်နိုင်၍ နိုင်သူအား ဘက်လိုက်ခြင်း– စစ်နိုင်သူဘက်မှ ချယ်လှယ်ကြီးစိုးခြင်းများကို မပြုလုပ်ရပေ။ သို့သော် ထိုသို့ မဟုတ်ဘဲ ထိုအဖွဲ့ကြီးအတွင်းတွင် ပင် အင်အားပြိုင် အုပ်စုကွဲလျှက် အာဏာလွန်ဆွဲနေခဲ့သော်– အခြားသော ကျူးလွန်သူများအား မည်သည့်အခါတွင်မှ ဆုံးမသွန်သင် နားချ၍ ရတော့မည် မဟုတ်ချေ၊ လူသားချင်း နှိပ်ကွပ်နေသည့် အနိုင်ကျင့်မှုများသည် အဆုံးသပ်နိုင်တော့မည် မဟုတ်ချေ။ ထိုသို့ဖြစ်လာသော် အခြားသော အင်အားစုကြီးတစ်ရပ် ထပ်မံဖွဲ့စည်းရတော့မည် ဖြစ်သည်။

**(၉၈၈)** အစ္စလာမ်သာသနာတွင် လူတစ်မျိုးနှင့် တစ်မျိုး ပုတ်ခတ်စော်ကားခြင်း၊ နာမည်ပျက်ဖြင့် ခေါ်ခြင်း– လူမျိုးများအကြား၊ လူသားများအကြား ခိုက်ရန်ဖြစ်စေမည့် သူလျှိုဒလန်လုပ်၍ ဂုံးတိုက်ခြင်းများကို မပြုလုပ်ရန် တိတိကျကျ တားမြစ်ထားပေသည်။ သုတ်တော် ၁၂ တွင် သူလျှိုဒလန် မလုပ်လင့် ဆိုသည်မှာ လူသားအချင်းချင်းအကြား မြှောက်ထိုးပင့်ကော်လုပ်၍ အတင်းအဖျင်းပြောကာ ရန်တိုက်ပေးရန် အတွင်းလူ လုပ်ခြင်းကို ခေါ်ပေသည်။ တိုင်းတစ်ပြည်တစ်ခုတွင် ထောက်လှမ်းရေး လုပ်ငန်းများ မလုပ်ရဟု ပြောဆိုခြင်း မဟုတ်ပေ။ ဒုစရိုက်သမားများကို ထောက်လှမ်းဖော်ထုတ်သော လုပ်ငန်းများကို မတားမြစ်ပေ။

**(၉၈၉)** အစ္စလာမ်သာသနာသည် အသားရောင်၊ လူမျိုးနွယ်၊ မျိုးရိုးရာဇာတိ၊ ယောကျာ်း မိန်းမ– ခွဲခြား၍ မည်သူက ပို၍ မြင့်မြတ်သည်ဟု သတ်မှတ်ခြင်း မရှိချေ။ ပရမတ်ဘုရားရှင်၏ ထံတော်တွင် စည်းအစောင့်ဆုံးသော သူသည် ကျက်သရေ အရှိဆုံး အမြင့်မြတ်ဆုံးဟု – ကိုယ်ကျင့်တရားကို မူတည်၍သာ လူ၏ အဆင့်ကို ခွဲခြားပေသည်။

| | |
|---|---|
| | **وَرَسُولَهُ لَا يَلِتْكُم مِّنْ أَعْمَالِكُمْ شَيْئًا إِنَّ اللَّهَ غَفُورٌ رَّحِيمٌ۝**<br>ကတ္တာရတိုင်းရင်းသားတို့က "ကျွန်ုပ်တို့ ယုံကြည်ပါပြီ၊"ဟု ပြောကြ၏။ ဟောလော့ "သင်တို့သည် ယုံကြည်သည် မဟုတ်သေး၊ သို့သော် ကျွန်ုပ်တို့သည် **ငြိမ်းချမ်းရေးဆောင်ပါပြီ**ဟု ဆိုကြလော့၊ သင်တို့၏ နှလုံးသားသို့ ယုံကြည်ခြင်းသည် မဝင်သေးချေ၊ သင်တို့သည် ပရမတ်ဘုရားရှင်နှင့် အရှင်၏ ဥဒေါ်စဉ်တော်ဆောင်အား နာခံကြလျှင် အရှင်သည် သင်တို့၏ ကျင့်ကြံမှု တစ်စုံတစ်ရာကိုမျှ ပပျောက်စေမည်မဟုတ်ပေ၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင် အကြင်နာရှင် ဖြစ်တော်မူ၏၊"[၉၉၀] |
| ၁၅။ | **إِنَّمَا الْمُؤْمِنُونَ الَّذِينَ آمَنُوا بِاللَّهِ وَرَسُولِهِ ثُمَّ لَمْ يَرْتَابُوا وَجَاهَدُوا بِأَمْوَالِهِمْ وَأَنفُسِهِمْ فِي سَبِيلِ اللَّهِ أُوْلَئِكَ هُمُ الصَّادِقُونَ۝**<br>ယုံကြည်သူ ဟူမူကား၊ ပရမတ်ဘုရားရှင်နှင့် အရှင့် ဥဒေါ်စဉ်တော်ဆောင်အား ယုံကြည်ကြ၍။ သံသယမစွက် သူတို့၏ ဥစ္စာပစ္စည်းများ၊ ဇာဉ်စရိုက်များကို ရင်း၍ ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ အားစိုက်ဆောင်ရွက်သော သူတို့ပင် ဖြစ်၏၊ သူတို့သည် ဖြောင့်မှန်သူများ ဖြစ်ကြ၏။ |
| ၁၆။ | **قُلْ أَتُعَلِّمُونَ اللَّهَ بِدِينِكُمْ وَاللَّهُ يَعْلَمُ مَا فِي السَّمَاوَاتِ وَمَا فِي الْأَرْضِ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ۝**<br>ဟောလော့ "သင်တို့သည် သင်တို့၏ သာသနာကို ပရမတ်ဘုရားရှင်အား သင်ကြားကြမည်လော။ ပရမတ်ဘုရားရှင်သည် မိုးများအတွင်း မြေကမ္ဘာတွင်း ရှိသမျှကို သိနေတော်မူ၏။ ကေန်ပင် ပရမတ်ဘုရားရှင်သည် သဗ္ဗလုံးစုံ သိနေသော အရှင် ဖြစ်၏၊" |
| ၁၇။<br>မွတ်ဆလင် | **يَمُنُّونَ عَلَيْكَ أَنْ أَسْلَمُوا قُل لَّا تَمُنُّوا عَلَيَّ إِسْلَامَكُم بَلِ اللَّهُ يَمُنُّ عَلَيْكُمْ أَنْ هَدَاكُمْ لِلْإِيمَانِ إِن كُنتُمْ صَادِقِينَ۝**<br>သူတို့သည် **ငြိမ်းချမ်းရေးဝါဒီ** ဖြစ်ပြီဟု သင့်ထံမှ မျက်နှာသာရလိုကြ၏။ ဟောလော့ "သင်တို့၏ **ငြိမ်းချမ်းရေးဆောင်ခြင်း**မျှဖြင့် ကျွန်ုပ်ထံမှ မျက်နှာသာမလိုချင်ကြနှင့်၊ အမှန်မှာ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင် ပရမတ်ဘုရားရှင်သည် သင်တို့အား ယုံကြည်ခြင်းသို့ လမ်းညွှန်၍ မျက်နှာသာပေးပေလိမ့်မည်။"[၉၉၁] |
| ၁၈။ | **إِنَّ اللَّهَ يَعْلَمُ غَيْبَ السَّمَاوَاتِ وَالْأَرْضِ وَاللَّهُ بَصِيرٌ بِمَا تَعْمَلُونَ۝**<br>ကေန်ပင် ပရမတ်ဘုရားရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ စက္ခုလွန်များကို သိနေတော်မူ၏။ ပရမတ်ဘုရားရှင်သည်ကား ကျင့်ကြံသမျှကို မြင်နေသော အရှင်ဖြစ်၏။ |

---

**(၉၉၀)** အစ္စလာမ်သာသနာသို့ ဝင်ပါသည် ဟု ဝန်ခံခြင်းဖြင့် အမှန်တကယ် ယုံကြည်ခြင်း သဘောတရားမှာ ထပ်တူထပ်မျှ မဟုတ်သေးပေ။ ထိုသူသည် အမှန်တရားတည်းဟူသော လူသားငြိမ်းချမ်းရေးအတွက် အသက် အိုးအိမ် ကာယ၊ ဉာဏ၊ နေများကို ပေးဆပ်၍ ပြုမူဆောင်ရွက်ရဦးမည် ဖြစ်သည်။

**(၉၉၁)** လူတစ်ဦးသည် မိမိကိုယ်မိမိ မွတ်ဆလင် (ငြိမ်းချမ်းရေးဝါဒီ) ဖြစ်ပြီဟု ဝန်ခံခြင်းသည် ကိုယ်တော်မုဟမ္မဒ် (မေတ္တေယျ)အတွက် မည်သို့မှ အကျိုးမပြုပေ။ လူတစ်ဦး၏ ကောင်းမှုဆောင်ခြင်း မဆောင်ခြင်းသည် သူ၏ ဇာဉ် စရိုက်အတွက်သာလျှင် ဖြစ်ပေသည်။